သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်

# ထန်းသုံးပင်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထန်းသုံးပင်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၆ ခုနှစ်၊ ဇွန်လ ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီ** | |
| | စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ ကျေးရွာသယံဇာတမြေပုံ | |
| | စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | |
| | စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ ကျေးရွာတွင်း/ပြင် အဖွဲ့ အစည်းများ ချိတ်ဆက်မှုပြပုံ | |
| | ထန်းသုံးပင်ကျေးရွာ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | ( ခ) မွေးမြူရေးလုပ်ငန်း | |
| | ( ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | ( ခ) ကျေးရွာ မီးလင်းရေး | |
| | ( ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| ၁၁။ | **ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း** | |
| ၁၂။ | **ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ** | |
| ၁၃။ | **ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား** | |

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေး လမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ် အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထန်းသုံးပင်ကျေးရွာ ၊ စဉ့်ကိုင်မြို့နယ်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန် လ

# မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင် ၊ စဉ့်ကိုင်မြို့နယ် ၊ ထန်းသုံးပင်ကျေးရွာ
# သယံဇာတပြမြေပုံ



# ထန်းသုံးပင်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | | | | | | | | | | | | |
| လက်လုပ်လက်စားမိသားစုဝင်များ ဝင်ငွေရရှိမှုမရရှိမှု နည်းများ | | | | | | | | | | | | |
| အသုံးစရိတ် | | | | | | | | | | | | |
| ချေးငွေလိုအပ်မှု | | | | | | | | | | | | |
| ဝမ်းစာဖူလုံမှု | | | | | | | | | | | | |
| သောက်သုံးရေရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်အစာရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်ရောဂါကျရောက်မှု | | | | | | | | | | | | |
| ကျန်းမာရေး(ဖျားနာခြင်း) | | | | | | | | | | | | |
| သီးနှံပိုးမွှားရောဂါကျရောက်မှု | | | | | | | | | | | | |
| ပွဲတော် | | | | | | | | | | | | |
| သဘာဝဘေးအန္တရာယ် | | | | | | | | | | | | |



# ထန်းသုံးပင်ကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာ ကျေးရွာ အတွင်း/အပြင် အဖွဲ့အစည်းများ ချိတ်ဆက်ပြပုံ



## စဉ့်ကိုင်မြို့နယ်၊ ထန်းသုံးပင်ကျေးရွာ
## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

### တည်နေရာနှင့် ပထဝီဝင်အနေအထား

၁။ ထန်းသုံးပင်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် ပါဝင်သော ကျေးရွာ(၁)ရွာဖြစ်သည်။ စဉ့်ကိုင်မြို့နယ်၏ အရှေ့မြောက်ဘက် (၅) မိုင်ခန့်အကွာ၊ ရန်-မန်း လမ်းဟောင်းမှ (၂)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။

၂။ ထန်းသုံးပင်ကျေးရွာ၏ တည်နေရာဧက အကျယ်အဝန်းမှာ ( ၂၈ )ဧက ကျယ်ဝန်းပါသည်။ ကျေးရွာ၏ တောင်ဘက်(၁)မိုင်အကွာတွင် သပြေရိုးကျေးရွာ၊ မြောက်ဘက်(၂)မိုင်ခန့်အကွာတွင် ကင်းလပ်ကျေးရွာ၊ ရွာမြောက်ဘက်တွင် မူလတန်းကျောင်း တည်ရှိပြီး တောင်ဘက်(၂)မိုင်ခန့် အကွာတွင် စဉ့်ကိုင်မြို့နှင့် ဆက်သွယ်ထားသော ကတ္တရာလမ်းတည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက သက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများဖြစ်ပါသည်။ ကျေးရွာအနီးတွင် တောတောင်၊ မြစ်ချောင်းမရှိပဲ ခမောက်မြောင်းနှင့် မုန့်ပေါင်းမြောင်းတို့သာ ရှိပါသည်။ ရွာအဝင်လမ်းမှာ ကွန်ကရစ်လမ်းဖြစ်သောကြောင့် မိုးရာသီတွင်လည်း သွားလာရေး အဆင်ပြေ ချောမွေ့ပါသည်။

### ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ထန်းသုံးပင်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ နွေရာသီတွင် အမြင့်ဆုံးအပူချိန်မှာ (၄၂ ဒီဂရီ ဖာရင်ဟိုက်) ရှိပြီး၊ အနိမ့်ဆုံးအပူချိန်မှာ (၂၈ ဒီဂရီဖာရင်ဟိုက်) ရှိပါသည်။ ရာသီဥတုအနေဖြင့် ပုံမှန်အနေအထားတွင် ရှိသော်လည်း ရံဖန်ရံခါတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများ ရှိခဲ့ပါသည်။

၄။ ဤကျေးရွာတွင် လယ်မြေ(၁၃၅)ဧက ၊ ယာမြေ(၂၆)ဧက ၊ ဥယျာဉ်ခြံမြေ မှာ (၈၉)ဧက စုစုပေါင်း (၂၅၀)ဧက ရှိပါသည်။ ကျေးရွာရှိ ရွာသူ/ရွာသားများသည် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းများကိုသာ အဓိကထား လုပ်ကိုင်ကြရပါသည်။ ရေရရှိမှုတွင် မိုးရာသီ၌ လယ်စိုက်ဧကအနည်းငယ်ကိုသာ ကောက်ကြီးစပါး စိုက်ပျိုးချိန်(၄)လ လောက်သာရရှိပြီး၊ ခမောက်မြောင်းမှ ရေတင်၍ စိုက်ပျိုးရေးခြံများကို စက်ရေတင်ဖြင့် စိုက်ပျိုးကြသည့်အပြင် ကိုယ်ပိုင်အဝီစိတွင်းများနှင့်လည်း စိုက်ပျိုးကြပါသည်။ ရာသီဥတုမမှန်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အကျိုးအမြတ် ရရှိမှု အသင့်အတင့် သာရှိပါသည်။

### ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၅။ ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်ဖွဲ့စည်းထားသော လူမှုအခြေပြုအဖွဲ့(၆)ဖွဲ့ရှိပြီး အဖွဲ့များအားလုံး စွမ်းဆောင်ရည်များ ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။

၆။ အဆိုပါ အဖွဲ့အစည်းအသီးသီးများသည် ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုအောက်တွင် ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

**စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

၇။ (က) **သီးနှံစိုက်ပျိုးရေး။** ထန်းသုံးပင်ကျေးရွာတွင် ၅ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၆)အိမ်ထောင်စု၊ ၂.၅ဧကမှ၅ဧကကြား တောင်သူငယ် (၁၃)အိမ်ထောင်စုနှင့် ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ (၂၁)အိမ်ထောင်စုနှင့် မြေယာမဲ့ (၁၂၁) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အများစုမှာ လယ်မြေ၊ ယာမြေနှင့် ဥယျာဥ်ခြံအမျိုးအစားများ ဖြစ်ကြပြီး စပါး၊ ကုလားပဲ၊ သရက်ခြံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စု (၇၅%) ရှိသဖြင့် စုစုပေါင်း အိမ်ထောင်စု ထက်ဝက်ကျော်မကရှိပြီး လက်သမား ၊ ပန်းရံ၊ အခြားကျပန်းလုပ်ကိုင်သူများ၊ မွေးမြူရေးလုပ်ကိုင်သူများ၊ လခစားဝန်ထမ်းများနှင့် ဈေးသည်များလည်း ရှိကြပါသည်။ စိုက်ပျိုးရေး လုပ်ငန်းကိုလုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတုကောင်းလျှင် သီးနှံများ အထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ် များစွာရရှိပြီး ရာသီဥတု ဖောက်ပြန်ပါက သီးနှံအထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတတ်ပါသည်။ ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးမှာ စပါးကိုသာ အဓိကစိုက်ပျိုးကြသဖြင့် လိုအပ်သည့်ရေကို ခမောက်မြောင်းနှင့် မုန့်ပေါင်းမြောင်းမှ ရေစုပ်စက်ဖြင့် ရေတင်ပေးရပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် စက်ကိရိယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး အခြား ကျေးရွာမှလည်း ငှားရမ်းသုံးစွဲကြပါသည်။ စပါးတစ်ကေပျမ်းမျှ(၈၀)တင်း၊ ကုလားပဲ တစ်ကေပျမ်းမျှ (၈)တင်းခန့်ထွက်ရှိကြပါသည်။ တောင်သူများအနေဖြင့် မြောင်းရေနှင့် ရာသီဥတု မှန်ကန်မျှတပါက သီးနှံအထွက်နှုန်း ကောင်းမွန်နိုင်ပြီး၊ ရာသီဥတုဖောက်ပြန်ပြီး မလိုအပ်ချိန်တွင် ချိန်ခါမဟုတ် မိုးရွာသွန်းပါက သီးနှံများ ပျက်စီးဆုံးရှုံးမှု၊ အထွက်နှုန်းနည်းပါးမှုနှင့် တောင်သူများ အခက်အခဲ ကြုံတွေ့ရတတ်ပါသည်။

**(ခ) မွေးမြူရေး။** ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၉) စုရှိပြီး နွားကောင်ရေ (၈၆)ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စု (၁)အိမ်ရှိပြီး ဝက်ကောင်ရေ (၂)ကောင်၊ ဆိတ်မွေးမြူသည့် အိမ်ထောင်စု(၅)စုရှိပြီး ဆိတ်ကောင်ရေ(၁၆၀)ကောင် မွေးမြူထားသည်ကို တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ်မွေးမြူကြသလို တစ်နိုင်တစ်ပိုင်လည်း မွေးမြူလုပ်ကိုင်နေကြပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ။**

ထန်းသုံးပင်ကျေးရွာ၏ အိမ်ထောင်စု (၄၉) စုတွင် စိုက်ပျိုးရေးလုပ်ကိုင်သူဖြစ်ပြီး ကျန်အိမ်ထောင်စုများမှာ မွေးမြူရေး လုပ်ငန်းများ ၊ နိုင်ငံ့ဝန်ထမ်း များ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပန်းရံလက်သမားလုပ်ငန်းများ၊ အရောင်း အဝယ် လုပ်ငန်းများ နှင့် နေ့စား ကျပန်း အလုပ်များကို လုပ်ကိုင်ကြသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ကျေးရွာတွင် ပုဂ္ဂလိကငွေချေးလုပ်ငန်းရှိသော်လည်း အတိုးနှုန်းမသက်သာသောကြောင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ

လွယ်ကူစွာလိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းနေကြပါသည်။ ကျေးရွာမှ ငွေချေးသူများနှင့် ပြင်ပမှ လာရောက်ချေးယူ သူများထံမှ အတိုးနှုန်းကြီးစွာ ချေးယူနေကြရပါသည်။

**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

၈။ **(က) ကျေးလက်သယ်ယူပို့ဆောင်ရေး။** ထန်းသုံးပင်ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းနှင့်ကွန်ကရစ်လမ်းများဖြစ်သောကြောင့် မိုးရာသီတွင် မြေသားလမ်းများ၌ ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာရသည်မှာ မကောင်းသောကြောင့် အဆင့်မြှင့်တင့်ရန်လိုအပ်ပါသည်။ ကျေးရွာတွင် စက်ဘီး(၃၈)စီး၊ မော်တော်ဆိုင်ကယ်(၁၄၁)စီး၊ သုံးဘီးဆိုင်ကယ် (၁)စီးနှင့် ကား(၁၀)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပြီး လယ်/ယာများသို့ သွားလာရန် နွားလှည်း(၃)စီးဖြင့် အသုံးပြုနေကြောင်း တွေ့ရှိရပါသည်။

**(ခ) ကျေးရွာမီးလင်းရေး။** မီးလင်းရေးအခြေအနေမှာ မဟာဓါတ်အားလိုင်းမှ ရယူသုံးစွဲသော အိမ်ထောင်စုမှာ(၁၅၆)စု၊ အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓါတ်အားပေး စနစ်ဖြင့်သုံးစွဲသော အိမ်ထောင်စုမှာ(၅)စုတို့ရှိပါသည်။

**(ဂ)သတင်းနှင့် ဆက်သွယ်ရေး။** ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅၃၀)လုံး၊ ရေဒီယို (၁)လုံးနှင့် တီဗွီ (၁၂)လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် တယ်လီဖုန်းလိုင်းများအားလုံးမိသောကြောင့် အော်ပရေတာမျိုးစုံမှ တယ်လီဖုန်းများ ကိုင်ကြပါသည်။ ကျေးရွာသူ/သားများသည် ဖုန်နှင့် တီဗွီမှ ဗဟုသုတ အစီအစဉ်များကို ကြည့်ရှုကြသည်။

**ပညာရေး**

၉။ ထန်းသုံးပင်ကျေးရွာသည် မူလတန်းစာသင်ကျောင်းဖြစ်ပြီး မူလတန်းအဆင့်တွင် ပညာသင်ကြားနေသော ကျောင်းသူ/သား (၆၆) ဦး၊ အလယ်တန်းအဆင့် ကျောင်းသူ/သား(၂၀)ဦး၊ အထက်တန်းအဆင့် ကျောင်းသူ/သား(၁၀)ဦးနှင့် တက္ကသိုလ်အဆင့် ကျောင်းသူ/သား(၁၅)ဦး စုစုပေါင်း ပညာသင်ကြားနေသူကျား (၄၉) ဦးနှင့် မ(၆၀)ဦး စုစုပေါင်း(၁၀၉)ဦး ရှိပါသည်။

၁၀။ ကျေးရွာတွင် မူလတန်းပြီးမြောက်သူ(၃၇၆)ဦး၊ အလယ်တန်းပြီးမြောက်သူ(၁၄၇)ဦး၊ အထက်တန်းပြီးမြောက်သူ(၈၈)ဦးနှင့် တက္ကသိုလ်ပြီးမြောက်သူ(၄၄)ဦး ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

၁၁။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ လာရောက်သည့်အတွက် ကူးစက်ရောဂါများ ဆိုးဆိုးရွားရွားမရှိခဲ့ပါ။ ကျန်းမာရေးကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ခြင်း၊ ရာသီတုပ်ကွေး၊ ဖျားနာခြင်း ဖြစ်ပေါ်တတ်ပါသည်။ ထိုအချိန်အခါမျိုးတွင် ကျန်းမာရေးဌာနမှ အချိန်မီ

လာရောက်ကုသပြီး ကျန်းမာရေးဗဟုသုတများအား ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာအဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါသည်။

၁၂။ သောက်သုံးရေအတွက် တွင်းကျယ်၊ အဝီစိတွင်းများနှင့် စက်တပ်တွင်းများ ရှိပါသည်။ ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိစေရန်အတွက် အဆင့်မြင့်ရေသန့်စင်စက် ဆောင်ရွက်ပေးစေလိုပါသည်။

၁၃။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုအားလုံး သန့်ရှင်းသော တွင်းရှိယင်လုံအိမ်သာများကို အသုံးပြုသောကြောင့် ယင်လုံအိမ်သာအသုံးပြုခြင်းဖြင့် ကျန်းမာရေးအသိအမြင်များရှိသည်ကို တွေ့ရှိရပါသည်။

## ဘေးအန္တရာယ်များနှင့် ဘာသာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

၁၄။ ထန်းသုံးပင်ကျေးရွာတွင် တခါတရံအပူချိန်မြင့်မားခြင်း၊ မိုးကြီးခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့် မိုးသီးများကြွေကျခြင်းစသော သဘာဝဘေး အန္တရာယ်များဖြစ်ပွား တတ်ပါသည်။ အပူချိန်မြင့်မားခြင်းနှင့် မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးခြင်း၊ မိုးကြီးခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံပျက်စီးခြင်းများ တခါတရံ ဖြစ်ပေါ်တတ်ပါသည်။

## ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

၁၅။ ကျေးရွာ၏ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာတွင် ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာရှိ အမျိုးသား/သမီး အများစုမှာ ပညာရေးအဆင့်အရ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြီးမြောက်သူများဖြစ်ကြ၍ အသိဉာဏ်မြင့်မားကြပြီး အဆိုပါကိစ္စရပ်မျိုး မဖြစ်ပွားကြပါ။ ကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။ ကျေးရွာတွင် နှစ်စဉ်နှစ်တိုင်း နှစ်ဆန်းတစ်ရက်နေ့တွင် ကျား-မ မရွေး သက်ကြီးရွယ်အိုများအား စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်း၊ လက်ဆောင်ပစ္စည်းများ ကန်တော့ခြင်းများ ဆောင်ရွက်ကြပါသည်။

# ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စု - ထန်းသုံးပင် | | ကျေးရွာအမည် - ထန်းသုံးပင် | |
|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာပတ်လမ်းအား ကွန်ကရစ်ဘီးလမ်းအဖြစ် အဆင့်မြင့်တင် ဆောင်ရွက်ပေးရန်။ |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင် ဆောင်ရွက်ပေးရန်။ |
| ၃ | အခြေခံအဆောက်အဦ | ဆိုလာရေတင်စနစ် | သောက်သုံးရေရရှိရန်ဆိုလာရေတင် စနစ်တည်ဆောက် ပေးပါရန်။ |
| ၄ | လျှပ်စစ် | ဆိုလာလမ်းမီးတိုင် | ဆိုလာလမ်းမီးတိုင် ချထားပေးပါရန် |
| ၅ | လူငယ်နှင့်အားကစား | IT Center ဆက်စပ်ပစ္စည်းများ | IT Center ဆက်စပ်ပစ္စည်းများ(စားပွဲ ၅ လုံး၊ ကုလားထိုင် ၂၅ လုံး၊ Desktop ၁ စုံ၊ 42"TV ၁ လုံး နှင့် ဗီရို ၁လုံး |
| ၆ | စိုက်ပျိုးရေးရရှိရေးနှင့် စိုက်ပျိုးရေး နှင့်သက်ဆိုင်သော အချက်အလက် များ | သဲနုန်းတူးဖော်ခြင်း | ထန်းသုံးပင်ကျေးရွာ(SmartVillage)အနီးရှိခမောက် လက်တန်မြောင်း ပေတိုင် ၀+၀၀၀ မှ ပေတိုင် ၁၂+၀၀၀ ထိ သဲနုန်းတူးဖော်ဆောင်ရွက်ပေးပါရန်။ |
| ၇ | လူငယ်နှင့်အားကစား | Wifi တပ်ဆင်ခြင်း | IT Center တွင် Wifi တပ်ဆင်ခြင်း၊ ကြိုးဖိုး+ ဖြလစာဒေတာ(22Mbs) |
| ၈ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | မီးသင်္ဂြိုလ်စက် | မီးသင်္ဂြိုလ်စက် တည်ဆောက်ပေးပါရန်။ |
| ၉ | အခြေခံအဆောက်အဦ | ကွန်ကရစ်ရေစင် Steel Jacketing ဖြင့် | ဂါလံ(၂၄၀၀)ဆံ့ ကွန်ကရစ်ရေစင် Steel Jacketing |

| | | | |
|---|---|---|---|
| | | ပြုပြင်ခြင်း | ဖြင့် ပြုပြင်ပေးပါရန် |
| ၁၀ | စိုက်ပျိုးရေးရရှိရေးနှင့် စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အချက်အလက်များ | စိုက်ပျိုးရေးနည်းပညာ | သဘာဝဓာတ်မြေဩဇာထုတ်လုပ်နည်းသင်တန်း |
| ၁၁ | စိုက်ပျိုးရေးရရှိရေးနှင့်စိုက်ပျိုးရေး နှင့်သက်ဆိုင်သောအချက် အလက် များ | စိုက်ပျိုးရေးနည်းပညာ | နွေမိုး၊ဆောင်းရာသီအလိုက်စိုက်ပျိုး နည်းပညာပေးသင် တန်း |
| ၁၂ | စိုက်ပျိုးရေးရရှိရေးနှင့်စိုက်ပျိုးရေး နှင့်သက်ဆိုင်သောအချက် အလက်များ | စိုက်ပျိုးရေးနည်းပညာ | သဘာဝမြေဩဇာနှင့်ဓါတ်မြေဩဇာစနစ် တကျထည့်သွင်း သုံးစွဲ နည်းအသိ ပညာပေးခြင်း |
| ၁၃ | စိုက်ပျိုးရေးရရှိရေးနှင့်စိုက်ပျိုးရေး နှင့်သက်ဆိုင်သောအချက် အလက်များ | စိုက်ပျိုးရေးနည်းပညာ | ပိုးသတ်ဆေးများအသုံးပြုရာတွင် ဆောင်ရန်၊ရှောင်ရန်နည်းလမ်းများ အသိပညာပေးခြင်း |
| ၁၄ | မွေးမြူရေးနှင့်သက်ဆိုင်သော အချက်အလက်များ | မွေးမြူရေးနည်းပညာ | (RBF)နွားဆိတ်မွေးမြူရေးလုပ်ငန်းရှိနွား၊ ဆိတ်များနှင့်ကျေးရွာတွင်းရှိနွား၊ဆိတ်များ တွင် ဖြစ်တတ် သောရောဂါများအတွက် ကာကွယ်ဆေးများ ထိုးနှံ ပေးခြင်း |
| ၁၅ | မွေးမြူရေးနှင့်သက်ဆိုင်သော အချက်အလက်များ | မွေးမြူရေးနည်းပညာ | တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများအောင်မြင် ဖြစ်ထွန်းစေရန်အတွက်တိရစ္ဆာန်အစာပင်မျိုး များအခမဲ့ဖြန့်ဝေခြင်း |
| ၁၆ | မွေးမြူရေးနှင့်သက်ဆိုင်သော အချက်အလက်များ | မွေးမြူရေးနည်းပညာ | နို့စားနွားမွေးမြူမှုဖွံ့ဖြိုးရေးနှင့်ပတ်သက်၍အသိပညာ ပေးခြင်း |

| | | | |
|---|---|---|---|
| ၁၇ | မွေးမြူရေးနှင့်သက်ဆိုင်သော အချက်အလက်များ | မွေးမြူရေးနည်းပညာ | ဆိတ်မွေးမြူမှုဖွံ့ဖြိုးရေးနှင့်ပတ်သက်၍အသိပညာပေး ခြင်း |
| ၁၈ | ပညာရေး | အသိပညာပေး | ကလေးသူငယ်အခွင့်အရေးနှင့်ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍအသိပညာပေး ဟောပြောခြင်း |
| ၁၉ | ကျန်းမာရေး | ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း (လစဉ်)နှင့်ကိုယ်ဝန်ဆောင်စောင့်ရှောက် မှု လုပ်ငန်း(အပတ်စဉ်) | ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း(လစဉ်)နှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု လုပ်ငန်း(အပတ်စဉ်) |
| ၂၀ | ကျန်းမာရေးနှင့် ပညာရေး | ကျောင်းကျန်းမာရေး | ကျောင်းကျန်းမာရေးလုပ်ငန်း(နှစ်စဉ်) |
| ၂၁ | ကျန်းမာရေး | ကျန်းမာရေးအသိပညာပေးခြင်း | ကျောင်းသား/သူများအားယင်လုံအိမ်သာ သုံးစွဲမှုနှင့်ပတ်သက်သည့်ကျန်းမာရေးအသိပညာပေး ခြင်း |
| ၂၂ | ကျန်းမာရေး | ကျန်းမာရေးအသိပညာပေးခြင်း | ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြော ပွဲဆောင်ရွက်ခြင်း |
| ၂၃ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေး | ဆောင်ရန်၊ရှောင်ရန်များအသိပညာပေး ခြင်း | သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး နှင့်ဆောင်ရန်,ရှောင်ရန်များအသိပညာပေးခြင်း |
| ၂၄ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေး | အိမ်တိုင်းတွင်မီးသတ်ဆေးဘူးထားရှိ ရန်စည်းရုံး ဆောင်ရွက်ခြင်း | မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆုံးရှုံးမှုမကြီးမားစေရေးနှင့်အရေးပေါ်မီးငြိမ်းသတ်နိုင် ရန်<br>အိမ်တိုင်းတွင်မီးသတ်ဆေးဘူးထားရှိရန်စည်းရုံး ဆောင်ရွက်ခြင်း |

| | | | |
|---|---|---|---|
| ၂၅ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုထားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေး | မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုထားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးလုပ်ငန်းဆောင်ရွက်ပေးခြင်း |
| ၂၆ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ပတ်ဝန်းကျင်းထိန်းသိမ်းရေးနှင့်ပတ်သက်၍အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း | ပတ်ဝန်းကျင်းထိန်းသိမ်းရေးနှင့်ပတ်သက်၍အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း |
| ၂၇ | ချေးငွေ | ငွေစုငွေချေးလုပ်ငန်း | ငွေစုငွေချေးလုပ်ငန်း |
| ၂၈ | အသက်မွေး | အသက်မွေးဝမ်းကျောင်း | ကာလတိုအသက်မွေးဝမ်းကျောင်းသင်တန်း |
| ၂၉ | ကျန်းမာရေးနှင့် ပညာရေး | ကျား/မရေးရာအသိပညာပေးဟောပွဲဆောင်ရွက်ခြင်း | ကျား/မရေးရာအသိပညာပေးဟောပွဲဆောင်ရွက်ခြင်း |

## ထန်းသုံးပင်ကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဇော်ဝင်း | ဦးသန်းဆောင် | ၉/စကတ(နိုင်)၀၇၉၆၉၉ | ၅၂ | ဘဏ္ဍာရေး | ၀၉-၇၈၉၈၉၉၉၁၄ |
| ၂ | ဦးရဲဝင်းအောင် | ဦးမြသန်း | ၉/တသန(နိုင်)၁၁၈၈၃၆ | ၄၆ | ဝယ်ယူရေးဥက္ကဋ္ဌ | ၀၉-၇၉၃၈၅၅၃၇၈ |
| ၃ | ဦးမြင့်အောင် | ဦးလှသော် | ၉/စကတ(နိုင်)၀၅၅၉၇၄ | ၆၃ | စာရင်းကိုင် | ၀၉-၇၇၀၅၅၁၂၇၇ |
| ၄ | ဦးသိန်းနိုင် | ဦးတင်လှိုင် | ၉/စကတ(နိုင်)၀၈၀၇၁၃ | ၅၅ | ဘဏ္ဍာရေး | ၀၉-၇၆၄၉၅၇၄၈၈ |
| ၅ | ဒေါ်ခင်စန်းဝေ | ဦးတင်ရ | ၉/စကတ(နိုင်)၀၆၂၃၉၄ | ၄၉ | အဖွဲ့ဝင် | ၀၉-၇၈၃၂၈၇၄၇၄ |
| ၆ | ဒေါ်သူဇာမြင့် | ဦးတင်ငွေ | ၉/စကတ(နိုင်)၀၈၀၆၉၁ | ၄၃ | အဖွဲ့ဝင် | ၀၉-၆၈၇၀၄၁၄၄၂ |
| ၇ | ဒေါ်လှလှတင့် | ဦးပေသီး | ၉/စကတ(နိုင်)၀၀၉၅၄၈ | ၅၆ | အတွင်းရေးမှူး | ၀၉-၇၇၇၈၁၈၇၁၃ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၅ | ၁၀ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၇ | ၂၆ | ၄၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၁ | ၃၅ | ၆၆ | | ၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၀ | ၁၉ | ၃၉ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၄ | ၂၇၆ | ၅၀၀ | ၂ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၂၉ | ၅၀ | | |
| **စုစုပေါင်း** | | **၃၁၈** | **၃၉၀** | **၇၀၈** | **၂** | **၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၆၁** | | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီ အရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ် ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ထန်းသုံးပင်ကျေးရွာတွင် အိမ်ထောင်စု (၁၆၁)စု ၊ လူဦးရေ (၇၀၈)ဦး ရှိပါသည်။ ထန်းသုံးပင် ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁၀)ဦး ၊ ၅နှစ်အောက် ကလေးငယ်အရွယ် (၄၃)ဦး ၊ မူလတန်းကျောင်းသား အရွယ် (၆၆)ဦး၊ အလယ်တန်းကျောင်းသားအရွယ် (၃၉)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၅၀၀)ဦး ၊ သက်ကြီးရွယ်ကြီး အရွယ် (၅၀)ဦးရှိပါသည်။ ထန်းသုံးပင်ကျေးရွာရှိ ရွာသူ/ရွာသားများမှ မွေးဖွားသော မွေးကင်းစမှ (၁)နှစ်အောက် ကလေးငယ်များမှာ ကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်သည့်မိခင်များကို ထိုးနှံ့ရမည့် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံ့ပေးပါသဖြင့် အသေအပျောက်ကင်းဝေးပါသည်။

(ခ)　အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | ၁၁၀ | ၈ | | | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၁၆ | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၄ | ၅၆ | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| ၈ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၅ | | | | | မြင့် ☐ လတ်☐ နိမ့် ✓ |
| | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| ၉ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| ၁၀ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | ၄၄ | ၆၀ | | | | | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| ၁၂ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | ၇ | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၂ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၂ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၂ | ၁၂ | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | စုစုပေါင်း | ၁၅၃ | ၂၆၅ | ၈ | | | ၄ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ထန်းသုံးပင်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်သူ (၄၀)အိမ်ထောင်စု၊ စိုက်ပျိုးရေးလုပ်ငန်း အငှားလုပ်သူ (၉)အိမ်ထောင်စု၊ အရောင်းအဝယ် လုပ်သူ (၄၆)အိမ်ထောင်စုနှင့် မွေးမြူရေးလုပ်သူ(၃၄)အိမ်ထောင်စုရှိပြီး ကျန်အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမားလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၉၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

လေ့လာတွေ့ရှိချက်။ ။ ထန်းသုံးပင်ကျေးရွာ၏ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်ပြီး ကျား၊မ ဝင်ငွေကွာခြားရခြင်းမှာလည်း အားစိုက်ထုတ်မှုအပေါ် မူတည်ပါသည်။ အလုပ်အကိုင်အမျိုးအစားအားလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပိုမို၍ လုပ်အားခနှုန်းထား ပိုမိုရရှိကြပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၁၃၅** | ကောင်း ☐ သင့်✓ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | **၂၆** | ကောင်း ☐ သင့်✓ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | **၈၉** | ကောင်း ✓ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၂၅၀** | ☒ |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၃) **လယ်ယာ**

**မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ထန်းသုံးပင်ကျေးရွာတွင် စိုက်ပျိုးနိုင်သည့် လယ်ယာမြေများရှိသော်လည်း တောင်သူများ မြေဆီသြဇာများ သုံးစွဲမှု အသိပညာအားနည်းခြင်းကြောင့် သွင်းအားစုသုံးစွဲမှုမမျှတခြင်းကြောင့် မြေဆီသြဇာ လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ်✓ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ✓ မရှိ ✓ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့် ✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☐✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် တွင်းထွက်သယံဇာတများ ထွက်ရှိခြင်းသော်လည်း နွားစာများအသင့်အတင့်ရှိ၍ စားသုံးသီးနှံပင်များနှင့် ဆေးဘက်ဝင်အပင်များ ရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၄၀ | ၄၈ | ၄၅ | ၂၈ |

**ရင်းမြစ်** … (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်သူများ၊ ဂန်ထမ်းနှင့် အရောင်းအဝယ်လုပ်ကိုင်သော အိမ်ထောင်စုများဖြစ်ပြီး မပြေလည်သော အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမားလုပ်ကိုင်သော အိမ်ထောင်စုများဖြစ်ပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများမှာ နေ့စားနှင့် ကြုံရာကျပန်းလုပ်ကိုင်ရသော အိမ်ထောင်စုများ ဖြစ်သည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| **အချိန်ကာလ** | **အိမ်ထောင်စုအရေအတွက်** | **အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)** |
|---|---|---|---|
| **၃လအောက်ဝမ်းစာဖူလုံမှု** | ၃ | | **အခြားအစာပြောင်းလဲစား** = ____________<br>**အစာလျှော့စား** = ____________<br>**အထောက်အပံ့ယူ** = ____________<br>**ချေးယူ** = ______၁______<br>**လုပ်အားခကြိုယူ** = ______၂_____ |
| **၃လနှင့်၆လကြားဝမ်းစာဖူလုံမှု** | ၅ | | **အခြားအစာပြောင်းလဲစား** = ____________<br>**အစာလျှော့စား** = ____________ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | အထောက်အပံ့ယူ = ___________<br>ချေးယူ = _____၃______<br>လုပ်အားခကြိုယူ = _____၅______ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၁၃ | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = _____၆______<br>လုပ်အားခကြိုယူ = ____၇_______ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝမ်းစာဖူလုံမှု အသင့်အတင့် ရှိပါသည်။

**(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ထန်းသုံးပင်ကျေးရွာတွင် ၆၄နှစ်အထက် သက်ကြီးရွယ်အို မိသားစုများရှိသော်လည်း စောင့်ရှောက်မည့် မိသားစုများရှိပါသည်။ ဆင်းရဲ၍အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ အနည်းငယ်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် သဘာဝဘေးအန္တရာယ် တစ်ခုခုပေါ်ပေါက်ခဲ့လျှင် တခြားအိမ်ထောင်စုများ ထက်ပို၍ထိခိုက်လွယ်ပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဥ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | ✓ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော | | | | | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | ✓ | | | ✓ | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | | ✓ | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၂ | တီဘီရောဂါ | ✓ | | | ✓ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | ✓ | | |
| ၂၄ | ကပ်ရောဂါ | ✓ | | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | ✓ | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | ✓ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | ✓ | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။** (**ဥပမာ။။**

**အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်**

**အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်**

**အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်**)

လေ့လာတွေ့ရှိချက်။ ။ ထန်းသုံးပင်ကျေးရွာသည် သဘာဝဘေးအန္တရာယ် ကျရောက်မှုများအတွက် ထိခိုက်မှု (နိမ့်) ရှိပြီး ကာကွယ်ရေးအစီအမံများလည်း အားနည်းလျက်ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီး မီးဘေးအန္တရာယ် တွေ့ကြုံရလျှင် ထိခိုက်မှုမြင့်မားကြောင့် လေ့လာတွေ့ရှိရပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါများလည်း အနည်းငယ်ကျရောက်လျက်ရှိပြီး ဆေးကုသရန် လက်လှမ်းမီမှု ရှိပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁ | လူငယ် | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | ✓ | | | ✓ | | |
| ၃ | ဆင်းရဲသားတောင်သူ | ✓ | | | ✓ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | ✓ | | | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | ✓ | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။။။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။**

လေ့လာတွေ့ရှိချက်။ ။ ထန်းသုံးပင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ အများအပြားရှိသဖြင့် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု( မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | လူမှုကူညီရေးအဖွဲ့ | ၁□ ၂□ ၃✓ | ၅ | - | ၅ | ပညာရေး✓ငွေကြေး□ကျန်းမာရေး□ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း✓<br>သင့်□<br>ညံ့□ |
| ၂ | ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့ | ၁□၂✓၃□ | ၇ | ၅ | ၁၂ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း✓<br>သင့်□<br>ညံ့□ |
| ၃ | ဓမ္မစကြာဝတ်အသင်း | ၁□၂□၃✓ | ၅ | ၁၀ | ၁၅ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း✓<br>သင့်□<br>ညံ့□ |
| ၄ | မီးလင်းရေးကော်မတီ | ၁□၂✓၃□ | ၅ | ၂ | ၇ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□<br>သင့်✓<br>ညံ့□ |
| ၅ | မြစိမ်းရောင်အဖွဲ့ | ၁□၂✓၃□ | ၄ | ၃ | ၇ | ပညာရေး□ငွေကြေး✓<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း✓<br>သင့်□<br>ညံ့□ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | ရေသန့်ရရှိရေးကော်မတီ | ၁☐၂✓၃☐ | ၅ | ၂ | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း✓<br>သင့်☐<br>ညံ့☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

